**အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန၊ လူမှုဖူလုံရေးအဖွဲ့မှ COVID-19 ကာလအတွင်း ပုဂ္ဂလိကပိုင် စက်ရုံ၊ အလုပ်ရုံ၊ လုပ်ငန်းဌာနများရှိ အာမခံအလုပ်သမားများအား လူမှုဖူလုံရေးထောက်ပံ့ငွေ ထုတ်ပေးပြီးစီးမှုထုတ်ပြန်ခြင်း**

COVID-19 ကာလအတွင်း လူမှုဖူလုံရေးအဖွဲ့မှ လူမှုဖူလုံရေးအကျိုးဝင် ပုဂ္ဂလိကပိုင်စက်ရုံ၊ အလုပ်ရုံ၊ လုပ်ငန်းဌာနများရှိ အာမခံအလုပ်သမားများအား လူမှုဖူလုံရေးထောက်ပံ့ငွေများအား ခွင့်ပြု ထုတ်ပေးလျက်ရှိရာ **COVID-19 1st Wave** အတွက် ၁၃-၅-၂၀၂၀ ရက်နေ့မှ ၃၁-၃-၂၀၂၁ ရက်နေ့အထိ စက်ရုံ၊ အလုပ်ရုံ၊ လုပ်ငန်းဌာန စုစုပေါင်း**(၈,၆၂၀) ဌာန** မှ အာမခံအလုပ်သမား **(၈၅၃,၂၂၄) ဦး**အတွက် ထောက်ပံ့ငွေ **ကျပ်သန်း (၂၁,၄၆၂.၅၁၂)** အားလည်းကောင်း၊ **COVID-19 2nd Wave** အတွက် ၂-၁၀-၂၀၂၀ ရက်နေ့မှ ၃၁-၃-၂၀၂၁ ရက်နေ့အထိ စက်ရုံ၊ အလုပ်ရုံ၊ လုပ်ငန်းဌာန စုစုပေါင်း **(၇,၇၁၀)ဌာန** မှ အာမခံ အလုပ်သမား **(၇၃၅,၃၅၀) ဦး** အတွက် ထောက်ပံ့ငွေ **ကျပ်သန်း (၄၆,၅၉၇.၃၀၆)** အား လည်းကောင်း၊ ၂၈-၃-၂၀၂၀ ရက်နေ့မှ ၃၁-၃-၂၀၂၁ ရက်နေ့အထိ Quarantine ဝင်ရောက်လျက်ရှိ သည့် အာမခံအလုပ်သမား **(၁,၃၆၄)ဦး** အတွက် မကျန်းမာမှု အကျိုးခံစားခွင့် (၆၀%) ခွင့်ပြုငွေ **ကျပ်သန်း (၉၉.၈၀၇)** အား လည်းကောင်း၊ ၂၂-၄-၂၀၂၀ ရက်နေ့ မှ ၃၁-၃-၂၀၂၁ ရက်နေ့အထိ COVID-19 ကာလအတွင်း အာမခံ အလုပ်သမား၊ ကိုယ်ဝန်ဆောင်မိခင် **(၃,၆၂၀) ဦး**အတွက် မကျန်းမာမှု အကျိုးခံစားခွင့် (၆၀%) ခွင့်ပြုငွေ **ကျပ်သန်း (၅၅၅.၅၁၅)** အားလည်းကောင်း၊ **စုစုပေါင်းအာမခံအလုပ်သမား (၁,၅၉၃,၅၅၈)ဦး** အတွက် ငွေကျပ်**သန်းပေါင်း (၆၈,၇၁၅.၁၄၀)** အား ခွင့်ပြုထုတ်ပေးခဲ့ပြီးဖြစ်ကြောင်း ထုတ်ပြန်အပ်ပါသည်။

## လူမှုဖူလုံရေးအဖွဲ့မှ COVID-19 ကာလအတွင်း ပုဂ္ဂလိကပိုင် စက်ရုံ၊ အလုပ်ရုံ၊ လုပ်ငန်းဌာနများရှိ အာမခံအလုပ်သမား၊ ဝန်ထမ်းများအား လူမှုဖူလုံရေးထောက်ပံ့ငွေ ထုတ်ပေးထားရှိမှု အခြေအနေ

| စဉ် | ထောက်ပံ့သည့်အကြောင်းအရာ | ခွင့်ပြုသည့် | | ခွင့်ပြုခဲ့သည့်ကာလ |
|---|---|---|---|---|
| | | လူဦးရေ | ငွေ(ကျပ်သန်း) | |
| ၁ | ပထမအကြိမ်လူမှုဖူလုံရေးထောက်ပံ့ကူညီမှု အကျိုးခံစားခွင့် (၄၀%) | ၈၅၃,၂၂၄ | ၂၁,၄၆၂.၅၁၂ | ၁၃-၅-၂၀၂၀ မှ ၃၁-၃-၂၀၂၁ ထိ |
| ၂ | ဒုတိယအကြိမ် လူမှုဖူလုံရေး ထောက်ပံ့ငွေ (၄၀%) | ၇၃၅,၃၅၀ | ၄၆,၅၉၇.၃၀၆ | ၂-၁၀-၂၀၂၀ မှ ၃၁-၃-၂၀၂၁ ထိ |
| ၃ | Quarantine ဝင်ရောက်သည့် အာမခံအလုပ်သမားများ မကျန်းမာမှုအကျိုးခံစားခွင့် (၆၀%) | ၁၃၆၄ | ၉၉.၈၀၇ | ၂၈-၃-၂၀၂၀ မှ ၃၁-၃-၂၀၂၁ ထိ |
| ၄ | ကိုယ်ဝန်ဆောင်အာမခံအလုပ်သမားများ မကျန်းမာမှု အကျိုးခံစားခွင့် (၆၀%) | ၃,၆၂၀ | ၅၅၅.၅၁၅ | ၂၂-၄-၂၀၂၀ မှ ၃၁-၃-၂၀၂၁ ထိ |
| စုစုပေါင်းထုတ်ပေးပြီးငွေ | | ၁,၅၉၃,၅၅၈ | ၆၈,၇၁၅.၁၄၀ | |